# ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
# ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်ဆင်သည့်
# ဥပဒေ

# ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ

[ ၁၉၈၁ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၁ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အခြေခံဥပဒေပုဒ်မ ၄၃ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

၄၃။ ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းသည် ယင်း၏ ပထမ အကြိမ် အစည်းအဝေး ကျင်းပသည့်နေ့မှ စ၍ လေးနှစ် ဖြစ်သည်။ သို့ရာတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အားလုံး၏ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းက သဘောတူလျှင် ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းကို ပြည်သူ့လွှတ်တော်သည်—

(က) လျှော့ပေါ့သတ်မှတ်နိုင်သည်၊ သို့မဟုတ်

(ခ) ပုဒ်မ ၇၇ နှင့် အညီ တိုးမြှင့်သတ်မှတ်နိုင်သည်။

၃။ အခြေခံဥပဒေ ပုဒ်မ ၆၂ ကို ပယ်ဖျက်ရမည်။

၄။ အခြေခံဥပဒေပုဒ်မ ၁၇၂ ပုဒ်မခွဲ (က) တွင် "ပြည်သူ့လွှတ်တော်က ခြောက်လကြိုတင်၍" ဆိုသည့် စကားရပ်ကို "ပြည်သူ့လွှတ်တော်က အနည်းဆုံး ခြောက်လကြိုတင်၍" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အခြေခံဥပဒေပုဒ်မ ၁၈၂ ပုဒ်မခွဲ (ဂ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ဂ) ပုဒ်မ ၄၃ ပုဒ်မခွဲ (က) အရ ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းကို လျှော့ပေါ့သတ်မှတ်ရန် ဆုံးဖြတ်လျှင် ယင်းသို့ လျှော့ပေါ့သတ်မှတ်ရန် ဆုံးဖြတ်သော ပြည်သူ့လွှတ်တော် အစည်းအဝေးက ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်တရပ်ကို ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် အသစ်ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ပုဒ်မခွဲ (ခ) နှင့်အညီ တပါတည်းဖွဲ့စည်းပေးရမည်၊

၆။ အခြေခံဥပဒေ ပုဒ်မ ၁၈၃ ပုဒ်မခွဲ (က) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(က) ပုဒ်မ ၆၃ အရ ပြည်သူ့ကောင်စီတရပ်ရပ်ကို သက်တမ်းမကုန်ဆုံးမီ ဖျက်သိမ်းခဲ့လျှင် ဥပဒေအရ သတ်မှတ်သည့်အတိုင်း ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပ၍ သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ အစည်းအဝေးကို ကျင်းပရမည်၊

၇။ အခြေခံဥပဒေပုဒ်မ ၂၀၉ ပုဒ်မခွဲ (က) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်—

(က) ပုဒ်မ ၆၃ အရ ပြည်သူ့ကောင်စီတရပ်ရပ်ကို သက်တမ်းမကုန်ဆုံးမီ ဖျက်သိမ်းခဲ့လျှင် အသစ်ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကောင်စီ၏ သက်တမ်းကာလသည် ဖျက်သိမ်းခဲ့သည့် ပြည်သူ့ကောင်စီ၏ ကျန်သက်တမ်းကာလအတွက်သာလျှင် ဖြစ်စေရမည်၊